dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How are Tourists welcomed?"*

ဖြစ်ပါတယ်။ (နိုဝင်ဘာ၊၂၈၊၂၀၁၅ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ပြည်ပခရီးသွားတွေကို ဘယ်လိုဆွဲဆောင်မလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြ မှာ ဖြစ်ပါတယ်။**

၂၀၁၀ပြည့်နှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုမှာ များပြားလာမှု ရှိခဲ့သည့် မြန်မာနိုင်ငံတွင် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်၌ နိုင်ငံခြားခရီးသွား ၂ သန်းကျော်ဝင်ရောက်မှုရှိခဲ့ခြင်းကြောင့် နိုင်ငံခြားခရီးသွား စံချိန်တင် ဝင်ရောက်လာခဲ့ကြောင်း ယင်းသည် မြန်မာ့ခရီးသွားလုပ်ငန်း သမိုင်းတစ်လျှောက် ခရီးသည် အများဆုံး ဝင်ရောက်သည့် နှစ်အဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်လိုက်ပါက ရာခိုင်နှုန်း ၉၀ ကျော် တိုးတက်လာ ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသွားဝင်ရောက်မှုတွင် အိမ်နီးချင်းနိုင်ငံများ ထက် များစွာနည်းပါးလျက်ရှိ သည့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင်မှ ယင်းသို့ ခရီး သွား လုပ်ငန်းအစပြု လာသည်ဟု ဆိုနိုင်ပြီး ခရီးသွား များရုတ်ချည်းများပြားလာခဲ့မှုကြောင့်လည်း ဟိုတယ်ခန်းများမလုံ လောက်ခြင်း အပါအဝင် ခရီးသွားလုပ်ငန်း ဆိုင်ရာလိုအပ်ချက်များနှင့် ကြုံတွေ့ခဲ့ရ သည်။

အမိုးအကာမရှိတဲ့ ပြတိုက်ကြီးတစ်ခုအဖြစ်တင်စားခေါ်ဝေါ်ခြင်းခံရပြီး ဘုရားများလက်ညှိုးထိုး မလွဲတည်ရှိနေသည့်အတွက် လှည်းဝင်ရိုးသံတညံညံပုဂံ ဘုရားပေါင်းဟူသော စာဆိုပင်ရှိခဲ့၍ ပုဂံဘုရားအများစုကို ၁၁ရာစုမှ ၁၃ရာစုအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းရှစ်ရာ၊တစ်ထောင်ကျော်ကြာမြင့်နေပြီ ဖြစ်သည့် ဘုရားများတည်ရှိရာ ပုဂံဒေသမှာ မြန်မာနိုင်ငံ၏ အမွေအနှစ်များ စာရင်းတွင် ထိပ်ပိုင်းနေရာ၌ ရှိနေသည့်အပြင် မြန်မာသာမက ကမ္ဘာမှပါ စိတ်ဝင်စားခြင်းခံရပြီး ကမ္ဘာလှည့် ခရီးသွားတို့အတွက် ပစ်မှတ်တစ်ခုအဖြစ်လည်း ရှိပေသည်။

လက်ရှိတွင် ဟိုတယ်နှင့်ခရီးမှ ထုတ်ပြန်ချက်များအရ သွားလာရပိုမိုလွယ်ကူသည့် ပုဂံဒေသသို့ ခရီးသွား ဝင်ရောက်မှုမှာ ၂၀ ရာခိုင်နှုန်းပိုမိုလာသည်ဟုသိရပြီး ယင်း၏နောက်ဆက်တွဲ အဖြစ် အမွေအနှစ်ချစ်သူ၊ ထိန်းသူများနှင့် မီးခိုးတိတ်လုပ်ငန်းကိုအကောင်အထည်ဖော်သည့် လုပ်ငန်းတို့အကြား တိုးတိုက်မှုများဖြစ်ပေါ်လာမှုများရှိသကဲ့သို့ နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းသည့် စံနှုန်းများနှင့် တိုက်ရိုက်ထိတွေ့ရချိန်ရရှိလာပြီဖြစ်၍ ကွဲလွဲချက်များကိုသိရချိန်နှောင်းသည်ဟုမဆိုသာသော်လည်း ကျန်ရှိသည့်အမွေအနှစ်များအတွက် ကမ္ဘာကပါ အသိအမှတ်ပြုလက်ခံ၍ မီးခိုးတိတ်လုပ်ငန်းကြီးဟုတင်စားကြသည့် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်း မြန်မာနေရာရရန်အတွက် မည်သို့သောအစီအစဉ်များဖြင့် ဆောင်ရွက်မည်နည်းဆိုသည်မှာ အချက်အချာဖြစ်လာနေပြီဖြစ်သည်။

အမေရိကန်နိုင်ငံမှာရှိ ခရီးသွားအော်ပရေတာအသင်းကြီးမှ စစ်တမ်းကောက်ယူချက်အရ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်အတွင်း လည်ပတ်ရန် အကောင်းဆုံးနိုင်ငံတွေထဲ၌ ထိပ်ဆုံးမှ ရပ်တည် နေသည်ဟု ဆိုခြင်းကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းမှာ များစွာအလားအလာကောင်းလာနိုင်ချေရှိနေပြီဟု ဆိုရမည်ဖြစ်ရာ ဧည့်ဝတ်ကျေပွန်သည်ဟု သတ်မှတ်ခံရသည့်မြန်မာတို့ ဧည့်သည်များအတွက်ရော အိမ်နာ၍မကျန်စေရန်အတွက်ပါ မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ကြလျှင် သင့်တော်မည်နည်း ဆိုသည်ကို ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။

**သူတို့အမြင်**

"ပုဂံဟာခုချိန်အထိ သူ့ရဲ့ရှေးမူလက်ရာမပျက်အများဆုံး ကျန်ရှိနေတဲ့ တကယ်တန်ဖိုးရှိတဲ့နေရာတစ်နေရာဖြစ်ပါတယ်။ ဒါကြောင့်သူတို့ ကမ္ဘာ့အမွေအနှစ်စာရင်းကို မပေးခဲ့တာမဟုတ်ပါဘူး။ ကျွန်မတို့ဘက်က ထိန်းသိမ်းရေးတွေမှာ စံမီအောင်ဆက်လုပ်ဖို့ နောက်ဒီပုဂံဒေသအတွင်းမှာ Management Plan ကို သေချာစနစ်တကျလုပ်ဖို့လိုအပ်ပါသေးတယ်။ ဒါကြောင့်မို့လို့ အချိန်ယူခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း နိုင်ငံတကာနဲ့ Open မဖြစ်ခဲ့ဘူးပေ့ါ။ အခုကနိုင်ငံတကာအဆင့်ကနေ ကမ္ဘာ့အဆင့်ဖြစ်လာတဲ့အတွက် အမွေအနှစ်ကို တန်ဖိုးထားတတ်တဲ့ နိုင်ငံတွေက ကျွန်မတို့ကို ပံ့ပိုးမယ့်သူတွေ၊ထောက်ပံ့မယ့်သူတွေ ရှိလာပါတယ်။ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာရှိတဲ့အမွေအနှစ်တွေက တန်ဖိုးလည်းမြင့်မားပါတယ်။ ယူနက်စကိုလည်း ဝင်ရောက်လေ့လာပါတယ်။ အီတလီနိုင်ငံရဲ့ အထောက်အပံ့ကိုရယူပြီးတော့ ကမ္ဘာ့အမွေအနှစ် တင်သွင်းဖို့ကမ်းလှမ်းတယ်။ ကျွန်မတို့က ပျူမြို့ဟောင်း သုံးမြို့ကိုအရင်လုပ်ခဲ့တာပါ။ ပျူမြို့ဟောင်းတွေက ပုဂံထက်စာရင်တော့ ပိုပြီးစီမံခန့်ခွဲရတာ အဆင်ပြေတယ်ပေ့ါ။ ပုဂံကတော့ ယာဉ်ကျေးမှုအမွေအနှစ်ဇုန်ထဲမှာကို မူလကတည်းကရှိနှင့်ပြီးသားဖြစ်တဲ့ ညောင်ဦးမြို့၊ ပုဂံမြို့သစ်လိုမြို့ပြလေးတွေ ရွာတွေရှိနေတော့ ဒီနေရာမှာ စီမံခန့်ခွဲမှုအချို့ နည်းနည်းပါးပါးအခက်အခဲရှိပါတယ်။"
**ဒေါ်စန္ဒာခင်** - ယာဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး

"ကျနော်တို့တွေက အစိုးရ တာဝန်ရှိသူတွေကို တိုင်တယ်။ အကြောင်းကြားတယ်။ အထောက်အထား တွေပြတယ်၊ ဒါပေမယ့် အရေးမယူဘူး။ ရှေးဟောင်း အမွေအနှစ်တွေ ဆိုတာ ပျက်စီးသွားရင် အလျော်အစား လုပ်လို့ မရဘူး။ အခုက ထိန်းသိမ်းမှု လုပ်ရတော့မယ့် အနေအထားပါ"
**ဦးမင်းနိုင်** - ပုဂံချစ်သူများအသင်း ဥက္ကဌ

*Information links:*

www.7daydaily.com
www.dailydemocracytoday.com
www.burma.irrawaddy.org
www.Burmese.dvb.no